ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး

All Arakan Students' & Youths' Congress

P.O.Box-135, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

# မြောက်ဦးဆန္ဒပြပွဲတွင်ပါဝင်ခဲ့သူ ဒေသခံ (၈) ဦးအား မတရားဖမ်းဆီးထားခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်နေ့တွင် ရခိုင်ပြည်၊ မြောက်ဦးမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၂၃၃) နှစ်မြောက် ရခိုင့်အချုပ်အခြာအာဏာကျဆုံးခြင်း အထိမ်းအမှတ်အတွက် ဟောပြောပွဲကို ဒေသအစိုးရအာဏာပိုင်များက ပိတ်ပင်တားဆီးခဲ့သောကြောင့် မြို့ခံလူထုက ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့သည်ကိုအစိုးရအာဏာပိုင်များက အကြမ်းဖက်နှိမ်နင်းခဲ့ရာ ဒေသခံအရပ်သား (၇) ဦး သေဆုံးပြီး၊ (၁၂) ဦး ဒဏ်ရာရရှိခဲ့သည်။

မြောက်ဦးမြို့ လူထုဆန္ဒဖော်ထုတ်ပွဲဖြစ်စဉ်တွင် ဆေးကုသခံနေရသော ဒဏ်ရာရရှိခဲ့သူ (၁၂) ဦးအနက် စစ်တွေဆေးရုံတွင် ဆေးကုသခံနေရသည့် ပြည်သူ (၈) ဦးကို အစိုးရက ပြည်သူ့ပိုင်ပစ္စည်း ဥပဒေပုဒ်မ ၆(၁) ဖြင့် တရားစွဲဆိုခဲ့ရာ သက်သေအထောက်အထားမခိုင်လုံသောကြောင့် ရာဇသတ်ကြီး ပုဒ်မ (၁၄၈) ဖြင့် စစ်တွေမြို့နယ်တရားရုံးမှ စက်တင်ဘာလ (၂၄) ရက်နေ့က ထောင်ဒဏ် (၈) လချမှတ်ခဲ့ပြီးနောက် လွှတ်မပေးဘဲပြန်လည်ဖမ်းဆီးချုပ်နှောင်ထားပြီး နိုင်ငံတော်အလံ ဥပဒေပုဒ်မ (၁၆) ဖြင့် ဆက်လက် တရားစွဲထားသည်။

မြန်မာအစိုးရ၏ ယခုကဲ့သို့ လုပ်ရပ်များသည် တိုင်းပြည်၏ ဒီမိုကရေစီအသွင်ကူပြောင်းရေးကာလတွင် နိုင်ငံသားများ၏ ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးများဖြစ်ကြသည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များကို ချိုးဖောက်သည့်အပြင် ရခိုင်ပြည်သူများအပေါ် ဥပဒေပုဒ်မအမျိုးမျိုးကိုအမည်ပြုပြီး လိုသလိုအသုံးချကာ မတရားသဖြင့် တရားစွဲဆိုဖိနှိပ်အုပ်ချုပ်နေသည်ဟု မိမိတို့အနေဖြင့်ရှုမြင်သည်။

အစိုးရအနေဖြင့် ရခိုင်ပြည်တည်ငြိမ်းအေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်ကာလတွင် ယခုကဲ့သို့ ရခိုင်လူမျိုးများအပေါ် မတရားဖမ်းဆီးနှိပ်ကွပ်နေသည့်လုပ်ရပ်သည် အစိုးရအပေါ် ရခိုင်ပြည်သူများ၏ ယုံကြည်မှုကျဆင်းလာစေပြီး အကြမ်းဖက်နည်းနာသို့ တွန်းပို့နေသည်ကို ထင်ဟပ်စေသည်။

သို့ဖြစ်ပါ၍ မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC) အနေဖြင့် အထက်ပါလုပ်ရပ်များအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချပြီး အစိုးရအား အောက်ပါအချက်များကို တောင်းဆိုလိုက်သည်။

၁။ မြောက်ဦးဆန္ဒပြပွဲဖြစ်စဉ်နှင့် ပတ်သက်၍ မတရားဖမ်းဆီးခံထားရသော သူများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

၂။ ဥပဒေနှင့်အညီမဟုတ်ဘဲ ကိုင်တွယ်ခဲ့သော အပြစ်ကျူးလွန်ထားသူ သက်ဆိုင်ရာအာဏာပိုင်များကို အမြန်ဆုံး အရေးယူပေးရန်။

၃။ စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာရဒေသခံလူထုအပေါ် ကုစားပေးရေးအတွက် မြောက်ဦးမြို့တွင် အမှတ်တရပန်းခြံနှင့် အထိမ်းအမှတ်ကျောက်တိုင်တို့ ထားရှိရေး ပြည်နယ်လွှတ်တော်မှ ဥပဒေပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

ဗဟိုအလုပ်မှုဆောင်အဖွဲ့

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (AASYC)

ထိုင်း-မြန်မာနယ်စပ်

ဆက်သွယ်ရန်-

တိန်ဦး - +66 (0) 815956138, ကိုစောထွန်း- +95 (0) 9773388464